## ရှာဖွေတွေ့ရှိခြင်း
## လမ်းညွှန် (၈)
# ခရစ်တော်သင့်ကိုလာ၍ခေါ်သောအခါ

ညှဉ်းဆဲနှိပ်စက်ခြင်းနှစ်ပေါင်းများစွာခံရပြီးနောက် အမင်းဒိုဗာလာဒဲသည် ပိန်ချုံး၍ လမ်းလျှောက်၍မရပါ။ သူသည် ကျန်းမာသန်စွမ်း၍ ခွန်အားနှင့်ပြည့်ဝသော်လည်း ခရစ္စမတ်နေ့တစ်နေ့၌ ဘုရားရှိခိုးကျောင်းထဲတွင် ဆုတောင်းမိသောကြောင့် ထောင်ထဲတွင်နှစ်ပေါင်း (၃၀) ကျခဲ့ပါသည်။ သို့သော်လည်း သူ၏ယုံကြည်ခြင်းမပျက်ပါ။ သူ့အားဤကဲ့သို့ခံရသောဒုက္ခများကိုခံနိုင်ရန် ကတိတစ်ခုမှာ မာသ (ခေါ်) အမျိုးသမီးတစ်ဦးအားပေးခဲ့သောကြောင့်ဖြစ်သည်။ သူတို့နှစ်ဦးသည် ထောင်ကျနေစဉ်အခါ တစ်ဦးကိုတစ်ဦးမေတ္တာမျှလာသောကြောင့်ဖြစ်သည်။ မာသသည် သူ၏ယုံကြည်ခြင်းကိုမြင်သောကြောင့် သူ့အားချစ်ခင်လာသည်။ မကြာမီမှာပင် ထောင်အတွင်းရှိနေရာတစ်နေရာတွင် တရားဥပဒေအရလက်ထပ်ခဲ့သော်လည်း မာသအား အမေရိကန်ရှိ မဲရာမီးမြို့သို့ အတင်းအကျပ်ပြောင်းရွှေ့ခိုင်းခဲ့သည်။

ခွဲခွါရခြင်းသည် နှစ်ဦးစလုံး၏စိတ်ကိုထိခိုက်ခဲ့လေသည်။ အမင်းဒိုသည်လည်း ချစ်ရသောမာသအတွက် ကတိသစ္စာပေးခဲ့ပါသည်။ စက္ကူစကလေးတစ်ခုပေါ်ပေးခဲ့သောကတိမှာ ငါ့ကျောမှာခါးမြှောင်နှင့်ထောက်ထားသော်လည်း တစ်ဖက်ကမ်းမင်းစီကိုရောက်အောင်လာမည်။

အမင်းဒို၊ စိတ်တွင်မာသအား တစ်နေ့ဘုရားရှိခိုးကျောင်းတွင်လက်ထပ်ကတိပြုရန်ဆုံးဖြတ်ထားသည်။ ဤကဲ့သို့လက်ထပ်ပြီးလျှင်သာ အကြင်လင်မယားအဖြစ်ပြည့်စုံမည်ဟုယုံကြည်သည်။ မာသအားပြောခဲ့သောစကားမှာ "မင်းဟာ ငါနဲ့အတူအမြဲတမ်းရှိမှာပါ။" အမင်းဒို၏ကတိမှာခိုင်လုံကာ ညှဉ်းဆဲခြင်းများကိုကျော်လွှန်နိုင်ခဲ့ပါသည်။ သာမန်လူသားများသာဆိုလျှင် စိတ်ဓါတ်ကျကာ လူမှုရေးကတိများပျက်စီးသွားနိုင်သည်။ မာသလည်း အလုပ်ကို ကြိုးစားကာ သူ၏ခင်ပွန်းအတွက်အများလူသူသိကြားရန်ပြောပြခဲ့ပါသည်။

### ၁။ ပေးခဲ့သောကတိ

ခရစ်တော်သည် ကောင်းကင်မှဆင်းသက်ကြွလာ၍ ကျွန်ုပ်တို့ကိုခေါ်ဆောင်မည်ဟူသောကတိတော်ကိုသတိရသောအခါ အပြန်အလှန်အတွေးအခေါ်အမျိုးမျိုးဖြင့်စဉ်းစားနေမိမည်ဖြစ်သည်။ ဒို့ဘဝဟာလည်း ဝမ်းနည်းဖွယ်ကောင်းသောပြစ်မှုတစ်ခုဖြစ်၍ မဆုံးနိုင်သောကမ္ဘာကြီး၏အဖြစ်အပျက်ကိုစောင့်မျှော်ခံစားရန်မှာ အမှန်တကယ်ဖြစ်ပေါ်လာ

မည်ကိုပင် သံသယစိတ်ခါတ်ဝင်လာခဲ့ပါသည်။ သို့ရာတွင် ထိုမျှော်လင့်ခြင်းကိုအသက်သွင်းရန် အချက်တစ်ချက်သာ ပေါ်ထွက်လာပါသည်။ ထိုအချက်မှာ ခရစ်တော်၏ဒုတိယကြွလာခြင်းပင်ဖြစ်သည်။ ခရစ်တော်သည် ကောင်းကင်နိုင်ငံတော်သို့မတက်ကြွသွားမီ ပေးခဲ့သောကတိသစ္စာမှာ “ယေရှုက သင်တို့စိတ်နှလုံးပူပန်ခြင်းမရှိစေနှင့်။ ဘုရားသခင်ကိုယုံကြည်ကြလော့။ ငါ့ကိုလည်းယုံကြည်ကြလော့။ ငါ့အဘ၏အိမ်တော်၌ နေစရာအခန်းအများရှိ၏။ သို့မဟုတ်လျှင်မဟုတ်ကြောင်းကို သင်တို့အားငါမပြောဘဲမနေ၊ သင်တို့နေစရာအရပ်ကိုပြင်ဆင်ခြင်းငှါ ငါသွားရ၏။ ငါသည်သွား၍ သင်တို့နေစရာအရပ်ကိုပြင်ဆင်ပြီးမှ တစ်ဖန်လာပြန်၍ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှါ သင်တို့ကိုငါ့ထံသို့သိမ်းဆည်းမည်။” (ယောဟန် ၁၄း၁–၃)။ ခရစ်တော်သည် ကောင်းကင်သို့မတက်ကြွသွားမီ ပေးခဲ့သောကတိမှာ ငါတစ်ဖန်ပြန်လာမည်။ သူ၏ကတိမှာ သူ့ကိုကိုးစားသောသူများအတွက် နေရာပြင်ဆင်ထားသည်။ ခရစ်တော်၏ဒုတိယကြွလာခြင်းအကြောင်းကို ကြိမ်ခါပေါင်း ၂၅၀၀ တိတိသတိနှင့်အသိပေးခဲ့ပါသည်။ ခရစ်တော်ကြွလာခြင်းမှာ ဤလောက၌သက်ရှင်ထင်ရှားစဉ်နေခဲ့သည့်နည်းတူ ဒုတိယကြွလာခြင်းသည်လည်း တိကျသေချာမည်ဖြစ်သည်။ ရှေးမဆွက ဘုရားသခင်ပေးခဲ့သောကတိမှာ မေရှိယကြွလာမည်ဖြစ်ကြောင်းကို ကယ်တင်ရှင်သည်ငါတို့အပြစ်များကိုဖြေလွှတ်ပေး၍ ကယ်တင်မည်ဖြစ်ကြောင်း၊ ထိုကတိတော်သည် ရှေးအခါကနေခဲ့သောလူသားများအတွက် ဝေဖန်စရာဖြစ်ခဲ့ပါသည်။ ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်တွင်အသက်စွန့်ခဲ့ပါသည်။ ထိုကတိတော်သည်ပြည့်စုံလာ၍ ဘုန်းတော်ထင်ရှားသောကတိတော်ဖြစ်စေခဲ့ပါသည်။ ကြွလာမည်ဟူသောကတိသည်လည်း ပြည့်စုံလာပါသည်။ ကျွန်ုပ်တို့သည် ထိုသခင်၏ကတိတော်ကိုတိကျသေချာစွာယုံကြည်နိုင်ပါသည်။ သူသည် ကျွန်ုပ်တို့အတွက်အဖိုးမဖြတ်နိုင်သောငွေဖြင့်ဝယ်ယူခဲ့ပါသည်။ အမင်းဒိုထောင်ကျနေစဉ် သူသည် ခိုးဝှက်ကာကဗျာများ၊ သူ့အကြောင်းသတင်းများနှင့် ပန်းချီကားကို မာသအားပေးပို့ခဲ့ပါသည်။ မာသသည်လည်း အချို့သောကဗျာနှင့်သတင်းစကားများကို သတင်းစာတိုက်သို့ပေးပို့ခဲ့ပါသည်။ ရေးသားသောအချက်များတို့သည် အများလူသူသိရှိနားလည်လာ၍ အရာရှိများတို့သည် အကြီးအကဲအား ဘာသာရေးအကျဉ်းသားများကိုလွှတ်ပေးရန် တောင်းဆိုလာတော့သည်။ ပြင်သစ်သမ္မတကြီးသည် ကြားဝင်ဖျန်ဖြေကာ ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလတွင် အမင်းဒိုအားလေယာဉ်ပေါ်တင်ကာ ပါရီမြို့သို့ပို့လိုက်လေသည်။ အမင်းဒိုသည် သူလွှတ်လာကြောင်းကိုမယုံနိုင်သလောက်ဖြစ်၍ လေယာဉ်သည်မြေပြင်ပေါ်သို့သက်ရောက်သောအခါ သူ၏ဘဝဖြစ်စဉ်ကို နှစ်ပေါင်း (၂၀) တိတိခံခဲ့ရကြောင်း၊ သိရှိနားလည်ရလေသည်။ အမင်းဒိုသည်စောင့်လျက်နေသောမာသ၏ပွေ့ဖက်မှုကိုခံရလေတော့သည်။ လအနည်းငယ်ပိုင်းအတွင်းတွင် သူတို့နှစ်ဦးသည် မဲရာမီးမြို့ရှိစိန့်ခီရန်ဘုရားကျောင်းတွင် သူတို့၏ဒုတိယအကြိမ်မြောက်လက်ထပ်သောကတိသစ္စာကိုပြန်၍ပြုခဲ့လေသည်။ သူတို့၏အကြင်လင်မယားဘဝသည်လည်း ပြည့်စုံသွားလေသည်။ တစ်နေ့ကျွန်ုပ်တို့သည် ခရစ်တော်နှင့်မျက်နှာချင်းဆိုင်ရမည်ကိုစဉ်းစားကြည့်ပါ။ ထူးဆန်းအံ့သြဖွယ်ကောင်းသောတွေ့ဆုံခြင်းပင်ဖြစ်မည်။ သူ၏ပေါ်ထွန်းခြင်းသည် ဘုန်းတန်ခိုးမေတ္တာတော်၊ ကရုဏာတော်တို့နှင့်ပြည့်စုံ၍ လူသားများခံစားရသောဝေဒနာများအားလုံးတို့သည် နှလုံးသားမှပယ်ရှားပေးမည်။ ခရစ်တော်၏ကြွလာခြင်းသည် ကျွန်ုပ်တို့၏ပြင်းပြသောဆန္ဒနှင့်ရင်ခုန်ဖွယ်သောမျှော်မှန်းချက်တို့ကိုပြည့်စုံစေမည်။ ထိုအခါ ကာလအဆက်ဆက်ရင်းနှီး၍ ပျော်ရွှင်သောတွေ့ဆုံခြင်းဖြစ်၍ စကြဝဠာတွင်ကြော်ကြားသောပုဂ္ဂိုလ်များနှင့်တွေ့ဆုံရမည်ဖြစ်သည်။ ခရစ်တော်သည် မကြာမီကြွလာမည်။ သင်တို့သည် သူ့အားတွေ့ဆုံရန်စိတ်ဆန္ဒရှိပါသလား။

## ၂။ ခရစ်တော်မည်ကဲ့သို့ကြွလာမည်နည်း

### *(၁) ခရစ်တော်သည်တိတ်တဆိတ်ကြွလာမည်လား*

"လျှပ်စစ်သည် အရှေ့မှပြက်၍ အနောက်တိုင်အောင်ထွန်းလင်းသကဲ့သို့ လူသားသည်ကြွလာတော်မူလတ္တံ့။" (မဿဲ ၂၄:၂၇)။ "ကြည့်ရှုလော့၊ မိုးတိမ်နှင့်တကွကြွတော်မူသည်ဖြစ်၍ ကိုယ်တော်ကိုထိုးဖေါက်သောသူတို့နှင့် ရှိသမျှသောလူတို့သည် ကိုယ်တော်ကိုရှုမြင်ရကြလိမ့်မည်" (ဗျာ၊ ၇း၁)။ လျှပ်စစ်သည် ရပ်ဝေးမှပြက်သော်လည်း လူတိုင်းမြင်နိုင်ကြသည်။ ထို့ကြောင့် ခရစ်တော်ကြွလာသောအခါ လျှို့ဝှက်စွာ မကြွလာဘဲ လူသိရှင်ကြားဖြစ်ပါမည်။

### *(၂) ခရစ်တော်သည် လူ၏ကိုယ်ကာယဖြင့်ကြွလာမည်လား*

"အိုဂါလိလဲလူတို့၊ အဘယ်ကြောင့်ကောင်းကင်သို့မျှော်ကြည့်လျက်နေကြသနည်း။ သင်တို့နှင့်ခွါ၍ ကောင်းကင်သို့ဆောင်ယူခြင်းကိုခံတော်မူသောထိုယေရှုသည် သင်တို့မျက်မှောက်၌ ကောင်းကင်သို့ကြွသွားတော်မူသည်နည်းတူ တစ်ဖန်ကြွလာတော်မူလတ္တံ့ဟုပြောဆို၏" (တမန်တော် ၁း၁၀၊ ၁၁)။

ကျွန်ုပ်တို့၏ကမ္ဘာမှခရစ်တော်သည် ကောင်းကင်သို့တက်ကြွသွားအပြီး ကောင်းကင်တမန်မှာထားခဲ့သောစကားဖြစ်သည်။

### *(၃) ခရစ်တော်ကြွလာလျှင် ကျွန်ုပ်တို့မြင်နိုင်မည်လား*

"ကြည့်ရှုလော့၊ မိုးတိမ်နှင့်တကွကြွလာတော်မူသည်ဖြစ်၍---ရှိသမျှသောသူတို့သည် ကိုယ်တော်ကို ရှုမြင်ကြရလိမ့်မည်" (ဗျာ၊ ၇း၁)။

သန့်ရှင်းသူအပေါင်းနှင့်တကွ ကိုယ်တော်ကိုထိုးဖေါက်သောအပြစ်သားတို့သည် ကိုယ်တော်၏ကြွလာခြင်းကိုမျက်မြင်သက်သေခံရပါမည်။ ခရစ်တော်ကိုယ်တိုင်မည်သူမည်မျှသူ၏ကြွလာခြင်းကိုဖူးမျှော်ရမည်နည်း။ "ထိုအခါ လူသား၏နိမိတ်လက္ခဏာသည် ကောင်းကင်၌ထင်ရှားလိမ့်မည်။ မြေကြီးပေါ်မှာလူအပေါင်းတို့သည် ငိုကြွေးမြည်တမ်းကြ၍ လူသားသည် ကြီးစွာသောဘုန်းတန်ခိုးအာနုဘော်ကိုဆောင်လျက် မိုးတိမ်ကိုစီး၍ ကြွလာတော်မူသည်ကိုမြင်ရကြလိမ့်မည်။ လူသားသည် မိမိတမန်တို့ကိုစေလွှတ်၍ တံပိုးခရာကိုပြင်းစွာမှုတ်စေတော်မူသဖြင့် ရွေးချယ်တော်မူသောသူတို့ကို အရပ်လေးမျက်နှာကောင်းကင်အောက်ထက်ဝန်းကျင်တို့မှခေါ်၍ စုရုံးကြလတ္တံ့" (မဿဲ ၂၄း၃၀၊ ၃၁)။ ကမ္ဘာပေါ်တွင် အသက်ရှင်သမျှသောလူတို့သည် ခရစ်တော်ကြွလာခြင်းကိုမြင်ရမည်။

### *(၄) ခရစ်တော်နှင့်အတူမည်သူကြွလာမည်နည်း*

"လူသားသည် မိမိဘုန်းအာနုဘော်ကိုဆောင်လျက် သန့်ရှင်းသောကောင်းကင်တမန်များအခြံအရံတို့နှင့်တကွ ကြွလာတော်မူသောအခါ ဘုန်းရှိသောပလ္လင်တော်ပေါ်မှာထိုင်၍" (မဿဲ ၂၅း၃၁)။

ခရစ်တော်သည် သူ၏ကောင်းကင်တမန်များခြံရံလျက် ဘုန်းတန်ခိုးနှင့်ကြွလာသည်ကို ဆင်ခြင်စဉ်းစားကြည့်ပါ။

### *(၅) ခရစ်တော်ကြွလာခြင်းကို အချိန်အားဖြင့်တိကျစွာပြောနိုင်မည်လား*

"ထိုအချိန်နာရီကိုကား အဘယ်သူမျှမသိ၊ ကောင်းကင်တမန်မသိ၊ ခမည်းတော်တစ်ပါးတည်းသာ သိတော်မူ၏။–––ထို့ကြောင့် သင်တို့သည်ပြင်ဆင်လျက်နေကြလော့။ အကြောင်းမူကား၊ သင်တို့မထင်မမှတ် သောအချိန်နာရီ၌ လူသားသည်ကြွလာလိမ့်မည်" (မဿဲ ၂၄း၃၆၊ ၄၄)။

လူအများတို့သည် ခရစ်တော်ဘုန်းတန်ခိုးနှင့်ကြွလာသည်ကိုမြင်ရသော်လည်း မြောက်မြားစွာသော လူတို့သည် အဆင်မသင့်ဖြစ်နေမည်။ သင်သည် ခရစ်တော်ကြွလာခြင်းကိုအဆင်သင့်ပြင်ထားပါပြီလား။

## ၃။ ခရစ်တော်ကြွလာသောအခါ မည်သည့်လုပ်ငန်းကိုပြုလုပ်ပါမည်နည်း

### *(၁) ခရစ်တော်သည် ကယ်တင်ခြင်းခံရသောသူအပေါင်းကိုစုရုံးမည်*

"လူသားသည် မိမိတမန်တို့ကိုစေလွှတ်၍ တံပိုးခရာကိုပြင်းစွာမှုတ်စေတော်မူသဖြင့် သူတို့သည် ရွေးချယ်တော်မူသောသူတို့ကို အရပ်လေးမျက်နှာကောင်းကင်အောက်ထက်ဝန်းကျင်တို့မှခေါ်၍စုရုံးကြလတ္တံ့" (မဿဲ ၂၄း၃၁)။

ခရစ်တော်အား သင်၏ကိုယ်စိတ်နှစ်ဖြာအပ်နှံလျှင် သင်၏ကယ်တင်ရှင်အား ဝမ်းမြောက်စွာဖြင့် ကြိုဆိုရမည်။

### *(၂) ခရစ်တော်သည်သန့်ရှင်း၍ သေဆုံးနေသူတို့ကိုထမြောက်ရှင်ပြန်စေမည်*

"ဘုရားသခင်သည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏တံပိုး တော်ကိုမှုတ်ခြင်းနှင့်တကွ ကောင်းကင်ဘုံမှကိုယ်တိုင်ဆင်းသက်တော်မူ၍ ခရစ်တော်၌သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်" (၁သက် ၄း၁၆)။

ခရစ်တော်သည် ကောင်းကင်မှအသံကျယ်စွာဖြင့် ဆင်းသက်ကြွလာ၍ သူ၏အသံသည်လည်း ကမ္ဘာ အနှံ့ကြားရမည်။ ဂူသင်္ချိုင်းများသည်လည်း အသံကြောင့်ကွဲအက်ပွင့်ထွက်ကာ ကာလအဆက်ဆက်မှ ခရစ်တော်၌ အိပ်ပျော်သောသူတို့သည်ထမြောက်ကြလိမ့်မည်။ ပျော်ရွှင်ဝမ်းသာဖွယ်သောနေ့ရက်ကြီးပေတည်း။

### *(၃) ခရစ်တော်သည် သန့်ရှင်းသူအပေါင်းတို့ကိုပြောင်းလဲစေတော်မူမည်*

"ထိုအခါ အသက်ရှင်၍ကျန်ကြွင်းသောငါတို့သည် အာကာသကောင်းကင်၌ ဘုရားသခင်ထံတော်သို့ ရောက်စေခြင်းငှါ ထိုသူတို့နှင့်တကွ မိုးတိမ်ပေါ်သို့ချီဆောင်ခြင်းကိုခံရသောအားဖြင့် ဘုရားသခင်နှင့်အတူ အစဉ်မပြတ်နေကြရလိမ့်မည်" (၁သက် ၄း၁၇)။

ကျွန်ုပ်တို့အတွက်ထာဝရအသက်ရရှိရန်ပြင်ဆင်ခြင်း၊ ခရစ်တော်သည်သေခြင်း၊ နာခြင်း၊ အိုခြင်းနှင့် ရှိသောကိုယ်ကာယကိုလုပသောထာဝရခန္ဓာကိုယ်သို့ကူးပြောင်းပေးပါမည်။ "နက်နဲသောအရာတစ်ခုကိုငါပြ ဦးမည်။ ငါတို့ရှိသမျှသည်အိပ်ပျော်ရကြမည်မဟုတ်။ သို့သော်လည်း နောက်ဆုံးသောတံပိုးမှုတ်သောအခါ တစ်ခဏချင်းတွင် မျက်စိတစ်မှိတ်၌ ငါတို့ရှိသမျှသည်ပြောင်းလဲကြရမည်" (၁ကော ၁၅း၅၁–၅၃)။ ခရစ်တော် ကြွလာသောအခါ ငါတို့သည်ပြောင်းလဲမည်။ ထိုစကားကိုစဉ်းစားကြည့်ပါ။ လေးဘက်နာမရှိ၊ သွေးလေဖြတ်မှု မရှိ၊ ကင်ဆာရောဂါမရှိ၊ ဆေးရုံအားလုံးပိတ်ရမည်၊ သင်္ချိုင်းလည်းမရှိ။ အကြောင်းမူကား၊ ခရစ်တော်ကြွလာပြီ။

### *(၄) ခရစ်တော်သည် သန့်ရှင်းသူအပေါင်းတို့ကိုကောင်းကင်ရွှေပြည်သို့ခေါ်ဆောင်မည်*

ခရစ်တော်၏ကတိမှာ ငါလျှင်မြန်စွာလာ၍ သင်တို့သည် ငါ့အဘအိမ်တော်မှာငါနှင့်အတူနေရမည် (ယောဟန် ၁၄း၁-၃)။ ပေတရုသည် ကယ်တင်ခြင်းခံရသောသူတို့၏အမွေမှာ ကောင်းကင်ရွှေပြည်တွင်ရှိကြောင်း (၁ပေ ၁း၄) ကျွန်ုပ်တို့သည် ဘုရားသခင်၏မြို့ကြီးကိုသွားရောက်ကြည့်ရှုမည်ဖြစ်ပါသည်။ ထိုမြို့သည် ယေရုရှလင်မြို့သစ်ဖြစ်၍ ကျွန်ုပ်တို့၏အဘဘုရားသခင်နှင့်သွားရောက်မိတ်သဟာယဖွဲ့မည်။

### *(၅) ခရစ်တော်သည် နတ်ဆိုးနှင့်နာကျင်မှုများကိုအမြစ်ဖြတ်စီရင်ပစ်မည်*

ဆိုးသောသူတို့သည် ခရစ်တော်ပေးသောကျေးဇူးတရားကိုငြင်းပယ်၍ သူတို့ကိုယ်ကို သူတို့အပြစ်စီရင်လိမ့်မည်။ ခရစ်တော်၏မျက်နှာတော်ကိုကြည့်ရင်း သူတို့၏အပြစ်သည် ခရစ်တော်ကိုဆက်လက်ကြည့်ရှုရန်မရတော့ဘဲ သူတို့အပေါ်သို့တောင်များနှင့် ကျောက်ဆောင်များအုပ်မိုးရန် တောင်းဆိုပါလိမ့်မည် (ဗျာ၊ ၆း၁၆)။ သူတို့သည် ခရစ်တော်ကိုရင်ဆိုင်ရခြင်းထက် သေခြင်းကိုရင်ဆိုင်လိုကြ၏။ သူတို့သည်အထက်ကောင်းကင်မှကိုယ်တော်၏အသံမိုးချုန်းသကဲ့သို့ထွက်ပေါ်လာ၍ အပြစ်စီရင်ခြင်းကိုမကြေညာမီ တစ်ခါကနူးညံ့သိမ်မွေ့သောစကားသံဖြင့် ဘုရားသခင်၏ကျေးဇူးတရားပေးသံကိုကြားယောင်ပါလိမ့်မည်။ အချို့သောသူတို့သည် အပျော်အပါးနှင့်ငွေကြေးမက်မောခြင်းကြောင့် ဘုရားသခင်၏ဖိတ်ခေါ်သံကိုနားမထောင်မိသောကြောင့် ဝမ်းနည်းကြေကွဲလျက်ရှိပါသည်။ ဤနာကြည်းဖွယ်သောခံစားမှုတို့သည် မလိုလားအပ်ဘဲခံစားရတော့မည်။ ဘုရားသခင်သည် အပြစ်သားတစ်ဦး၏ပျက်စီးခြင်းကိုလိုလားသည်မဟုတ် (ယေဇကျေလ ၃၃း၁၁)။ လူတစ်ယောက်မျှမပျက်စီးရန် ဘုရားသခင်အလိုရှိတော်မူသည်။ သို့ရာတွင် နောင်တတရားဖြင့်ပြန်လာရမည် (၂ပေ ၃း၉)။ ခရစ်တော်သည် ကျွန်ုပ်တို့အားတောင်းပန်ပြောဆိုသည်မှာ "ငါ့ထံသို့လာကြလော့၊ ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့၊ ငြိမ်သက်ခြင်းပေးမည်" (မဿဲ ၁၁း၂၈)။ သို့ရာတွင် အချို့သောသူသည် ဘုရားသခင်၏ကျေးဇူးတရားဖြင့်ဖိတ်ခေါ်ခြင်းကိုငြင်းဆန်ခဲ့ပါသည်။

## ၄။ သင်သည် ခရစ်တော်ကြွလာခြင်းအတွက် အဆင်သင့်ရှိပြီလား

ကျွန်ုပ်တို့ဘုန်းရှိသောအနာဂတ်အတွက်ကတိပေးခဲ့ခြင်းသည် ခရစ်တော်အတွက်မလွယ်လှပါ။ "ငါ၏အဘအိမ်တော်တွင်အခန်းအများရှိ၏" ဆိုသောစကားရပ်မှာ ခရစ်တော်သည် မိမိအသက်စွန့်ရမည်ကိုသိ၏။ "ထိုနည်းတူခရစ်တော်သည် လူများအပြစ်အတွက်ခံခြင်းငှါ တစ်ခါတည်းကိုယ်ကိုပူဇော်ပြီးမှ နောက်တစ်ဖန်ထိုသခင်ကိုမျှော်လင့်လျက်နေသောသူတို့ကိုကယ်တင်ခြင်းအလို့ငှါ အပြစ်နှင့်မဆိုင်ဘဲ ပေါ်ထွန်းတော်မူလတ္တံ့" (ဟေဗြဲ ၉း၂၈)။ လက်ဝါးကပ်တိုင်၌အသေခံသောခရစ်တော်သည် လူသားများ၏အပြစ်ကိုယူဆောင်ကာ ဒုတိယအကြိမ်ကယ်တင်ခြင်းစောင့်မျှော်သောသူတို့အားယူခဲ့ပေးမည်ဖြစ်သည်။ ခရစ်တော်၏သေခြင်းသည် လူသားများအတွက်ကယ်တင်ခြင်းပေးရန်ဖြစ်သည်။ သို့ရာတွင် ဒုတိယကြွလာခြင်းမရှိဘဲ လက်ဝါးကပ်တိုင်သည်ဆုံးရှုံးခြင်းသာဖြစ်မည်။ ခရစ်တော်သည် ကျွန်ုပ်တို့အား သူနှင့်အတူကမ္ဘာအဆက်ဆက်စိုးစံရန်နှင့် ထာဝရလုံခြုံသောအိမ်ကိုပေးရန်ဖြစ်သည်။ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နံနက်စောစောတွင် လူငယ်တစ်ဦးသည်ပြေး၍ လေယာဉ်တစ်စင်းမြင်ကြောင်းအော်ဟစ်ကာကြေညာခဲ့သည်။ ထိုအခါ လှုပ်ရှားနိုင်သော

အကျဉ်းသားတို့သည်မော့ကြည့်လေ၏။ ဤယောကျာ်းနှင့်မိန်းမတို့သည် လူအများနှင့်ခွဲကာ ဆင်းရဲနွမ်းပါးစွာဖြင့်လည်းကောင်း၊ သောကကြီးစွာဖြင့်လည်းကောင်း ဂျပန်၏ရန်သူများအဖြစ် အကျဉ်းခံရသူများဖြစ်၏။ အများသောသူများအတွက် မျှော်လင့်ခြင်းဖြင့်အသက်ရှင်ရခြင်းသည် တစ်နေ့စစ်ပွဲပြီးမည်ဟုယုံကြည်ခြင်းကြောင့်ဖြစ်သည်။ ထိုအခါ နိုင်ငံရေးအကျဉ်းသမားများဖြစ်သော လူပေါင်း ၁၅၀၀ တို့သည်ပြေးထွက်ကာ လေယာဉ်ဘေးတွင် အမေရိကန်အလံကြီးရေးခြယ်ထားကြောင်းတွေ့သောအခါ အော်ဟစ်၍ ငါတို့ထံသို့လာပြီဟုကြွေးကြော်လေ၏။ ထိုလူစုထဲမှတစ်ယောက်သောသူက ငါတို့ကိုလက်ပြနေသည်ဟုကြေညာလိုက်ပါသည်။ ထိုအခါ အားပြတ်သူများ၊ ရောဂါသည်များ၊ တစ်ပြိုင်တည်းပြေးထွက်၍ ၎င်းအကျဉ်းထောင်ခြံဝင်းအတွင်းပတ်ချာလည်ပြေးကာ လက်ဝှေ့ယမ်းပြ၍ အသံကုန်ဟစ်ကြွေးကြလေသည်။ ထိုအခါ အသံသည် ဖြုန်းကနဲရပ်စဲကာ လေယာဉ်အောက်ပိုင်းအပေါက်ဖွင့်၍ တစ်ယောက်ပြီးတစ်ယောက်လေထီးဖြင့်ခုန်ဆင်းသည်ကိုတွေ့ရလေသည်။ ကယ်တင်မည့်သူသည် တစ်နေ့လာမည်မဟုတ်၊ ယနေ့လာပြီဖြစ်ကြောင်းကိုသိရလေသည်။ လူထုကြီးသည် ခြံတံခါးပေါက်သို့ပြေးထွက်မည်ပြုကာ သူတို့အားအပေါ်ကင်းစခန်းမှ စက်သေနတ်ဖြင့်စောင့်နေသောသူများတို့ကိုမမှုဘဲ လေထီးဖြင့်ဆင်းသောသူထံသို့မရောက်မီ လူထုကြီးသည် မိမိ၏ခြံအတွင်းသို့ပြန်ဝင်ရာ သူတို့နောက်တွင်စစ်သူရဲများတို့သည် အစောင့်များတို့ကိုမပစ်ခတ်ဘဲ လက်နက်ချရန်တောင်းဆိုလေသည်။ စခန်းကိုစောင့်သောစစ်သူကြီးသည် လက်နက်ချကာ လွတ်လပ်မှုရောက်ရှိလာကြောင်းကြေညာလိုက်လေသည်။ ငါတို့၏ကယ်တင်ရှင်သခင်သည် မိုးတိမ်မှဆင်းသက်၍ကြွလာမည်။ လူ၏ရက်စက်ကြမ်းကြုတ်သောအဖြစ်အပျက်တို့သည် ရပ်စဲသွားမည်။ ခရစ်တော်၏ကြွလာခြင်းသည် လူသားများတို့ကိုပြောင်းလဲပေးသကဲ့သို့ ကမ္ဘာကြီးကိုလည်းပြောင်းလဲပစ်မည်။ သူသည် လာ၍ကြွလာခြင်းအတွက်ပြင်ဆင်ရန်ခွန်အားနှင့် ထာဝရအသက်ကိုပေးမည်။

–ဝ–

## ရှာဖွေတွေ့ရှိခြင်းလမ်းညွှန် (၈) အဖြေလွှာ
## ခရစ်တော်သင့်ကိုလာ၍ခေါ်သောအခါ

မှန်သောစာကြောင်းရှေ့တွင်ကြက်ခြေခတ် (x) ပေးပါ။

၁။ ------ ကောင်းကင်သို့မတက်ကြွမီ ခရစ်တော်၏ကတိတော်မှာ ငါပြန်၍လာမည်။

------ ခရစ်တော်၏ကြွလာခြင်းအကြောင်းနှင့်ပတ်သက်၍ အချက်ပေါင်းနှစ်ထောင့်ငါးရာကျမ်းစာတွင်ရှိသည်။

------ ခရစ်တော်ပထမအကြိမ်ကြွလာခြင်းဖြင့် ဒုတိယအကြိမ်ကြွလာခြင်းသည် သေချာနိုင်သည်။

၂။ ------ ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းနှင့်ပတ်သက်၍ လျှို့ဝှက်ချက်မရှိပါ။

------ ခရစ်တော်ဒုတိယအကြိမ်ကြွလာသောအခါ ပုဂ္ဂိုလ်တော်အရဖြင့်လာမည်။

------ အသက်ရှင်သောသူတိုင်းခရစ်တော်ကြွလာခြင်းကိုမြင်ရမည်။

------ ကောင်းကင်ရှိကောင်းကင်တမန်များသည် ခရစ်တော်နှင့်အတူကြွလာမည်။

------ ကျမ်းစာသည် ခရစ်တော်ကြွလာမည့်နေ့ရက်ကိုတိကျစွာပေးထားသည်။

၃။ ယေရှုတစ်ဖန်ကြွလာသောအခါ

------ သူ့အားစောင့်မျှော်သောသူကိုခေါ်ဆောင်ကယ်တင်မည်။

------ သေသောသန့်ရှင်းသူတို့အား ထမြောက်ရှင်ပြန်စေမည်။

------ သန့်ရှင်းသောသူတို့၏ကိုယ်ကာယကို ဖျားနာခြင်းနှင့် သေခြင်းမရှိရန်ပြောင်းလဲပေးမည်။

------ သန့်ရှင်းသူတို့အားစုရုံး၍ ကောင်းကင်သို့ခေါ်ဆောင်မည်။

------ အချို့သောသန့်ရှင်းသူတို့ကို ဤလောကတွင်နေရန်ချန်ခဲ့မည်။

------ ဤလောကတွင်ရှိသောအပြစ်သားများကိုဖျက်ဆီးပစ်မည်။

**နှလုံးသား၏မေးခွန်း**

ခရစ်တော်မကြာမီကြွလာမည်ကို သင်မည်ကဲ့သို့ခံစားရပါသနည်း။

–ဝ–

**ထင်ရှားသေသပ်စွာရေးပါ**

**အမည်-----------------------------**

**လမ်းနှင့်အိမ်အမှတ်---------------------**

**မြို့--------------------------------**

**နယ်-------------------------------**

**ကိုးကွယ်သည့်ဘာသာ-------------------**

စိတ္တသုခရှာဖွေခြင်း (၈)

ဓမ္မဒါန

စာမူခွင့်ပြုချက်အမှတ် ၄၈၃/၂၀၀၃ (၇)

ထုတ်ဝေသူ။ ဦးဆန်ဒီ၊ ယာယီမှတ်ပုံတင်အမှတ် (၄၄၉) စိတ္တသုခရှာဖွေခြင်း၊ (အမှတ်စဉ်ထုတ်) ၆၈/၇၂ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

ပုံနှိပ်သူ။ ဦးစိုင်းရပ်စ်၊ မှတ်ပုံတင်အမှတ် (၀၂၈၃၀) ကင်းစောင့်ပုံနှိပ်တိုက်၊ အမှတ် ၂၀၆ ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

(စောင်ရေ ၅၀၀၀၊ ပထမအကြိမ်)